# ဓမ္မခန္ဓာ (၁၁၂) မြတ်ရတနာ (အလ်–အီခလာ့က်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၂)၊ သုတ်ဒေသနာ (၄)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>တစ်ဆူ<br>တည်း | **قُلْ هُوَ اللّٰهُ أَحَدٌ ۞**<br>ဟောလေ့၊ အရှင်သည် **ဧကောဒိ** ပရမတ်ဘုရားရှင် ဖြစ်၏။ |
| ၂။ | **اللّٰهُ الصَّمَدُ ۞**<br>အစိုးနှယ်ျ ပရမတ်ဘုရားရှင် ဖြစ်၏။[၁၂၅] |
| ၃။ | **لَمْ يَلِدْ وَلَمْ يُولَدْ ۞**<br>ကိုယ်ပွားမရှိ၊ ကိုယ်ပွားမဟုတ်ချေ။[၁၂၆] |
| ၄။ | **وَلَمْ يَكُن لَّهُ كُفُوًا أَحَدٌ ۞**<br>အရှင်နှင့် တစ်ဂိုဏ်းတည်းဟူ၍ တစ်စုံတစ်ယောက်မျှ မရှိချေ။[၁၂၇] |

---

(၁၂၅) အစ္စလာမ် သာသနာတွင် ရတနာ သုံးပါးဟူ၍ သွန်သင်ပေးခြင်း မရှိချေ။ ကိုးကွယ်ဆည်းကပ်ရာ ရတနာ တစ်ပါးတည်းကိုသာ ခိုင်ခိုင်မာမာ သွန်သင်ပေသည်။ ဤဓမ္မခန္ဓာ၏ အမည်မှာ **အီခလာ့က်** ဟု ဖြစ်၍ တိုက်ရိုက် အဓိပ္ပါယ်အားဖြင့် ပရမတ်ဘုရားရှင်အား အခြားအရာများနှင့် ခိုင်းနှိုင်းပုံဆောင်ခြင်း မရှိဘဲ အဖြူစင် အသန့်ရှင်းဆုံး ထား၍ ကိုးကွယ်ရမည်ဟု ဖြစ်ပေသည်။ တနည်းအားဖြင့် ကိုးကွယ်ရာ ရတနာ တစ်ပါးတည်းသာ ရှိသည်ဟု ဆိုသောကြောင့် "မြတ်ရတနာ" ဟု စကားလုံး ဖလှယ်ထားခြင်း ဖြစ်ပေသည်။ ထိုအရှင်သည် တုနှိုင်းဘွယ်ရာ မရှိ၊ ဧကောဒိ တစ်ဆူတည်းသာ ဖြစ်ကြောင်းကို ပွင့်ပွင့်လင်းလင်း ကြေငြာ၍ (၁)။ ထိုအရှင်အား အခြားသော အရာများအဖြင့် တည်မှီနားလည် အထောက်အထား ပြုလျှက် ပုံစံဆောင်ခြင်း မပြုနိုင် ဟူသည်ကို လေးနက်စေရန် **ဆွမတ်–** ကြံစည်စိတ်ကူးတည်မှီသည့် အရာတို့မှ ကင်း၏ဟု (၂ တွင်) ဆက်လက် ဆိုထားခြင်း ဖြစ်ပေသည်။

(၁၂၆) ဤသုတ်တော်မှ **يَلِدْ ယလိဒ်** ဆိုသည်မှာ မိမိမှ မွေးပေးသူ၊ မိမိ၏ ကိုယ်ပွားဟု အဓိပ္ပါယ်ကို ပေး၍၊ **يُولَد ယူးလာ့ဒ်** ဆိုသည်မှာ မိမိသည် မွေးခံရသည် သို့မဟုတ် မိဘတို့၏ ကိုယ်ပွားဟု အဓိပ္ပါယ်ကို ပေးပေသည်။ ကိုယ်တော်သည် သံဘောဂ ကာယ ခေါ် ကိုယ်ပွားဘုရား မဟုတ်။ သံဘောဂ ကာအား ပွားပေးသည့် ဓမ္မကာယလည်း မဟုတ်ဟု ထင်ရှားရန် ပြဆိုသော သုတ်တော် ဖြစ်ပေသည်။ (ကိုယ်ပွားဟူသည့် အသုံးကို ၂း၁၁၆ တွင် လည်း ကြည့်နိုင်ပေသည်။)

(၁၂၇) အရာဝတ္ထုများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထား ကိုးကွယ်သည့် အယူအား အစ္စလာမ်သာသနာက လက်မခံပေ။ ထိုအယူသည် အတုလံ အတုမရှိသော ဘုရားရှင်အား တုနှိုင်းသကဲ့သို့ ဖြစ်နေ၍– လုံးဝ ဖြစ်နိုင်ခြေ မရှိသော ထွင်လုံးသာ ဖြစ်သည်ဟု ဆိုပေသည်။ အတုမရှိသော အရာအား မည်သို့ တုနိုင်အံ့နည်း ဆိုသည်ကို ပညာရှင်များ သုံးသပ်ဆင်ခြင် နိုင်အံ့ငှာ သွန်သင်ထားခြင်း ဖြစ်ပေသည်။